# ပိန္နဲတောကျေးရွာ

# သံဖြူဇရပ်မြို့နယ်၊မော်လမြိုင်ခရိုင်

# မွန်ပြည်နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပိန္နဲတောကျေးရွာ၊ သံဖြူဇရပ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ပိန္နဲတောကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သံဖြူဇရပ်မြို့နယ်** | ၅ |
| | | |
| **၁။** | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| **၂။** | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| **၆။** | **ပညာရေး** | ၉ |
| **၇။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| **၈။** | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| **၉။** | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| **၁၀။** | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၆ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၄ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၇ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၉ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၁ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်

လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

| | |
|---|---|
| **လ၊ ၂၀၁၉** | **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ** |
| | **ပိန္နဲတောကျေးရွာ** |
| | **သံဖြူဇရပ်မြို့နယ်** |

## ပန္နဲတောကျေးရွာ သယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

**ပိန္နဲတောကျေးရွာ**သည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၏ ဝဲခမိကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တောင်တန်းများ၊ အနောက်ဘက်တွင် မော်လမြိုင်-ရေးကာလမ်းမကြီးနှင့် အထက်ငှက်ပျောတောကျေးရွာ၊ မြောက်ဘက်တွင် ဝဲခမိကျေးရွာ၊ တောင်ဘက်တွင် အေးကမ္ဘာကျေးရွာနှင့် နယ်နမိတ်ချင်း ထိစပ်လျှက် တည်ရှိနေပါသည်။ ကျေးရွာတွင် ကရင်၊ ဗမာ၊စသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး အများစုမှာကရင်လူမျိုးဖြစ်ပြီး လူနည်းစုမှာဗမာ ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၁၃) ဧက၊တောင်ယာမြေ (၂)ဧက၊ ဥယျာဉ်ခြံမြေ (၂၆၇) ဧကနှင့် သီးနှံများ မစိုက်ပျိုးသည့် မြေလွတ်မြေလပ် (၂၂) ဧက၊ စုစုပေါင်း (၄၀၄) ဧက ရှိပါ သည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ဂေါပကအဖွဲ့ (ကျား-၁၀)ဦး သည် ကျောင်း၏ လိုအပ်ချက်နှင့် ဘာသာရေးလုပ်ငန်းများ ၊သာရေးနာရေးအဖွဲ့ (ကျား-၅) ဦး+(မ-၄)ဦး သည် ကျေးရွာ၏ သာရေးနာရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးအဖွဲ့(ကျား-၁၈ ဦး) သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး ) လုပ်ငန်းများတွင် စည်းရုံး ဆောင်ရွက်နေကြပါသည်။ လူငယ်အဖွဲ့ (ကျား-၂၀ဦး+ မ- ၃၀ဦး) သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီးရေးရာအဖွဲ့ (မ-၅ဦး)သည် ကျေးရွာရှိ အမျိုးသမီးများ၏ မတရားသဖြင့် ပြုမူခံရသည့် ကိစ္စများနှင့် အမျိုးသမီးများ၏ လိုအပ်ချက် များအားလိုက်၍ ဆောင်ရွက်လျှက်ရှိပါသည်။ ကျောင်းကော်မတီအဖွဲ့ (ကျား -၃ ဦး)+ (မ-၄ဦး) သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက် ရှိပါသည်။

ဓမ္မစကြာ၀တ်အဖွဲ့ (ကျား-၂ဦး )+(မ-၃)ဦးသည် ကျေးရွာ၏ ဘာသာရေး၊ သာရေးနာရေး စသည့်အပိုင်းတို့တွင် ပါဝင်ဆောင်ရွက်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် World Vision အဖွဲ့မှ စားနပ်ရိက္ခာဖူလုံစေရန် အတွက် အိမ်ထောင်စုများအတွက် ဆန်အိတ်များထောက်ပံ့ပေးထားပါသည်။ UNDP ကမ္ဘာ့ဘဏ်မှ ဒေါ်လာ ၄၀၀ တန်ဖိုးရှိ ဆန်အိတ်များရောင်းချပေးပြီး အမြတ်ရငွေအား ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လုပ်ဆောင်ပေးထားခြင်းရှိပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

**ပိန္နဲတောကျေးရွာတွင် ၂.၅ ကေအောက် ဆင်းရဲသားတောင်သူ (၅၆) အိမ်ထောင်စု၊ ၂.၅ ကေမှ ၅ ကေကြား တောင်သူငယ် (၃၉) အိမ်ထောင်စု၊ ၅ ကေမှ ၁၂.၅ ကေကြား တောင်သူလတ် (၇၈) အိမ်ထောင်စု၊ ၁၂.၅ ကေ အထက် တောင်သူကြီး (၃၄) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုသည်(၁၀)စုသာရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။**

**ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး စပါး အထွက်နှုန်းမှာ တစ်ဧကေ ပျမ်းမျှ (၃၀) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၉) စီးရှိပြီး၊ လက်တွန်းထွန်စက် (၁)စီး၊ ခြွေလှေ့စက်(၁)စက်၊ ရေစုပ်စက် (၂) လုံး၊ မြတ်ရိတ်စက်(၂၃)ခု ရှိပါသည်။ သီးနှံအထွက်တိုးစေရန် သဘာဝ မြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များ ကိုလည်း မြို့နှင့်အလှမ်းဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ခြင်းမရှိပါ။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစား များမှ တဆင့် ရောင်းချနိုင်ကြပါသည်။**

**မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်ပါသည်။ ၎င်းအပြင် မိုးကြီးသည့်အခါတွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေများ အထွက်နှုန်းနည်းပါပြီး ပျက်စီးဆုံးရှုံးမှု များအနည်းငယ်ရှိပါသည်။**

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂၁) အိမ်ရှိပြီး နွားကောင်ရေ (၆၅) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၂) စုမှ (၁၀) ကောင်၊ အိမ်ထောင်စု (၅၀) အိမ်မှ ဆိတ် (၁၃၆) ကောင်၊ အိမ်ထောင်စု(၂)အိမ်မှ သိုးကောင်ရေ(၅)၊အိမ်ထောင်စု (၆၀) အိမ်မှ ဝက် (၁၃၁) ကောင်၊ အိမ်ထောင်စု (၁၁၅) အိမ်မှ ကြက် (၆၄၅) ကောင်၊ အိမ်ထောင်စု (၄၅) အိမ်မှ ဝက် (၁၅၇) ကောင် နှင့် အိမ်ထောင်စု (၂)အိမ်မှ (၇)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

**မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။**

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

**ကျေးရွာသည် သံဖြူဇရပ်မြို့မဈေးကြီးနှင့်ဝေးသော်လည်း ကျေးရွာတွင်တစ်ပိုင်တစ်နိုင် ကျောက်ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ လက်သမား၊ ပန်းရံ လုပ်ငန်းများလုပ်ကိုင်ခြင်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်ခြင်း ပို့ဆောင်ရေး လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ စက်ကိရိယာ ပြင်ဆင်ခြင်းလုပ်ငန်းများ ၊ သုံးဘီးယာဉ်မောင်းခြင်း၊ လက်သမား၊ ပန်းရံ လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်း တို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အား ရှားပါးပါသည်။** လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချ

ရန် စျေးကွက်အသင့်အတင့် ရှိသော်လည်း စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

လယ်သမားများသည် **စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။**

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

**ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး (၃၅) စီး၊ မော်တော်ဆိုင်ကယ် (၈၇) စီး၊ သုံးဘီးဆိုင်ကယ် (၁) စီး၊ ထော်လာဂျီ (၁၃) စီး၊ ကား (၉) စီး၊နွားလှည်း(၃)စီး စသည် ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။**

**ကျေးရွာတွင် မြေသားလမ်း (၁၂) လမ်းရှိပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါသည်။၎င်းလမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။**

**ပိန္နဲတောကျေးရွာတွင် ကွန်ကရစ်တံတား (၈) စင်းရှိပါသည်။ ၎င်းတံတားများသည် လွန်ခဲ့သောနှစ်များစွာက တည်ဆောက်ခဲ့ခြင်းကြောင့် ပျက်စီးယိုယွင်းမှုများရှိပြီး ပြုပြင်ရန် လိုအပ်နေပါသည်။**

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် **အိမ်ထောင်စု(၁၅၀)သည် ဆိုလာစနစ်ဖြင့် မီးသုံးဆွဲပါသည်။ ဖယောင်တိုင်မီးအသုံးပြုသည့် အိမ်ထောင်စု (၆၇) စုရှိပါသည်။ ကျေးရွာတွင် မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ပြီး အသုံးပြုနိုင်ခြင်းမရှိသေးခြင်းကြောင့် ကျောင်းသားများ ၏ ပညာရေးနှင့်တစ်ပိုင်တစ်နိုင် အိမ်တွင်းစက်မှုလုပ်ငန်းများ လုပ်ကိုင်ရန် အတွက် အခက် အခဲ ရှိပါသည်။**

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

**ပိန္နဲတော ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၇၅) လုံး၊ ရေဒီယို (၁၇) လုံး၊ တီဗွီ (၂၆) လုံး၊ ဂြိုလ်တုစလောင်း (၁၄) လုံး ရှိပါသည်။ ကျေးရွာတွင် အမ်ပီတီဖုန်းလိုင်း တစ်ခုနှင့်သာ ဆက်သွယ်ရရှိနိုင်ပါသည်။ တခါတရံ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ ရှိပါသည်။**

**၆။ ပညာရေး**

**ကျေးရွာတွင် အလယ်တန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး အထက်တန်းအဆင့်များကို ဝဲခမိကျေးရွာအထက်တန်းကျောင်းနှင့် သံဖြူဇရပ်မြို့သို့ ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသားကျောင်းသူများလည်း အနည်းငယ် ရှိပါသည်။ ကျောင်းဆောင်(၃)ဆောင်ရှိပြီး ကျောင်းမျက်နှာကျက်တက်ရန်နှင့် ကျောင်းသုံး ပရိဘောဂများ ပြည့်စုံရန်လိုအပ်ပါသည်။ ကျောင်းဝန်းလုံခြုံရေးနှင့် ကလေးများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းဝန်းမြေနေရာတိုးချဲ့ပြီး ကျောင်းခြံစည်းရိုး ပြုလုပ်ရန် လိုအပ်ခြင်းနှင့် ကျောင်းသား/သူများ သန့်ရှင်းသော သောက်သုံးရေကိုလွယ်ကူစွာ အသုံးပြု နိုင်ရန် ရေတိုင်ကီနှင့်ရေသန့်စက်များ ရရှိရန် လိုအပ်ပါသည်။**

**ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၄.၁၆) ရာခိုင်နှုန်းအထိ များပြား ခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၈.၉၅) ရာခိုင်နှုန်း၊ အထက်တန်း အဆင့် စာတတ်မြောက်သူများမှာ (၂.၇၄) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၁.၇၄) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။**

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပါသည်။ သို့သော် အဆုတ်ရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် အဟာရပညာပေး အစီအစဉ်များမရှိပေ။ အခြား ဆင်ခြေထောက်ရောဂါကာ ကွယ်ဆေးကိုလည်း သောက်ခဲ့ရပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲရှိပြီး ဆေးဝါးအလုံအလောက်မရှိပါ။ တိုက်နယ် ဆေးရုံဖြစ်သည့် ဝဲခမိ ကျေးရွာဆေးရုံသို့လည်း သွားရောက် ကုသကြပါသည်။ အရေးပေါ် အခြေအနေတွင် သံဖြူဇရပ်မြို့နယ် ဆေးရုံသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေး နှင့် ပတ်သက်သည့် အခက်အခဲများ မရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းများဖြင့် အဓိကထား အသုံးပြုကြ သော်လည်း နွေရာသီတွင် ရေတွင်းများမှာရေခမ်းသဖြင့် ကျေးရွာ၏ ထီးဝါပိုင်းတွင် နေထိုင်ကြသည့် အိမ်ထောင်စုများသည် သောက်သုံးရေ လုံလောက်ခြင်း မရှိသဖြင့် အခက်အခဲ ရှိပါသည်။ မောင်သစ်တောင်ခြေရှိ ဆင်ရုံချောင်းမှ စိမ့်စမ်းရေကို ရေပိုက် သွယ်တန်းခြင်းနှင့် ရေလှောင်ကန်တစ်ကန် ပြုလုပ်ပေးရန်လိုအပ်ပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများ ကို အသုံးပြုသည့် အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာ အနည်းငယ်သာရှိခြင်း ကြောင့် ယင်အန္တရာယ်ကြောင့် ဖြစ်ပွားတက်သည့် ရောဂါများ ဖြစ်ပွားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ပိန္နဲတောကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ နှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ပိန္နဲတောကျေးရွာ၏ အရှေ့ဘက်တွင် သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိသော်လည်းအတွက် တစ်ခါတစ်ရံ တောမီးများ ရှိ့သဖြင့် သစ်တောပြုန်းတီးခြင်း အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန် တုပ်ကွေး၊ ငှက်ဖျား ရောဂါ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ တီဘီရောဂါ ဖြစ်ပွားသည့်လူနာ

၊ဆီးချို ဖြစ်ပွားသည့် လူနာ   အနည်းငယ်သာ ရှိပါသည်။ တိရိစ္ဆာန် ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်း ငယ် ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ပိန္နဲတောကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်း သော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိ သော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

| ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | | | | |
|---|---|---|---|---|
| ကျေးရွာအုပ်စုအမည်- ဝဲခမီ | | | ကျေးရွာအမည်- ပိန္နဲတောကျေးရွာ | |
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာအဝင်လမ်း(၁)အား ကတ္တရာ လမ်း အဆင့်တိုးမြှင့်ရန် (အရှည်ပေ၁၈၃၀ ×အကျယ် ၁၂ပေ ×အမြင့်၄လက်မ) | |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာအဝင်လမ်း(၂)အား ကတ္တရာ လမ်း အဆင့်တိုးမြှင့်ရန် (အရှည်ပေ၁၈၀၀ ×အကျယ် ၁၂ပေ ×အမြင့်၉လက်မ) | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာအဝင်လမ်း(၃)အား ကွန်ကရစ် လမ်း အဆင့်တိုးမြှင့်ရန် (အရှည်ပေ၁၄၃၃ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာအဝင်လမ်း(၄)အား ကွန်ကရစ် လမ်း အဆင့်တိုးမြှင့်ရန် (အရှည်ပေ၁၈၀၀ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာအလယ်လမ်း(၅)အား ကွန်ကရစ်လမ်း အဆင့်တိုးမြှင့်ရန် (အရှည်ပေ၁၅၇၅ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၆ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာမြောက်ပိုင်းလမ်း(၆)ကွန်ကရစ်လမ်း အဆင့်တိုးမြှင့်ရန် (အရှည်ပေ၂၅၈၀ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၇ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာမြောက်ပိုင်းလမ်း(၇)ကွန်ကရစ်လမ်း အဆင့်တိုးမြှင့်ရန် (အရှည်ပေ၆၃၀ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၈ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | သာယာကုန်းတံတား(၈)ကားသွားတံတားပြုပြင်ရန် | |

| | | | | |
|---|---|---|---|---|
| | | | (အရှည်ပေ၆၃၀ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၉ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | သာယာကုန်းတံတား(၉)ကွန်ကရစ်တံတားပြုပြင်ရန်<br>(အရှည်ပေ၁၅၄၅ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၁၀ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | သာယာကုန်းတံတား(၁၀)ကွန်ကရစ်တံတားပြုပြင်ရန်<br>(အရှည်ပေ၁၃၉၀ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | သာယာကုန်းတံတား(၁၁)ကွန်ကရစ်တံတားပြုပြင်ရန်<br>(အရှည်ပေ၁၉၆၀ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ထီးဝါးတံတား(၁၂)ကားသွားတံတားပြုပြင်ရန်<br>(အရှည်ပေ၅၅ ×အကျယ်၁၂ပေ ) | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ထီးဝါးလမ်း(၁၃)ကွန်ကရစ်လမ်းခင်းခြင်း<br>(အရှည်ပေ၄၀၀ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ထီးဝါးလမ်း(၁၄)ကွန်ကရစ်လမ်းခင်းခြင်း<br>(အရှည်ပေ၂၂၆၀ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၁၅ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ထီးဝါတံတား(၁၅)လူသွားတံတားပြုပြင်ရန်<br>(အရှည်ပေ၃၀၀ ×အမြင့်၆လက်မ) | |
| ၁၆ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာတောင်ပိုင်လမ်း(၁၆)ကွန်ကရစ်လမ်းခင်းခြင်း<br>(အရှည်ပေ၁၀၇၀ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၁၇ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာတောင်ပိုင်းမှထီးဝါးသို့တံတား(၁၇)ကားသွားတံတားပြုလုပ်ရန်<br>(အရှည်ပေ၄၀၀ ×အကျယ် ၁၈ပေ ) | |

| | | | | |
|---|---|---|---|---|
| ၁၈ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာအရှေ့ပိုင်းလမ်း(၁၈)ကွန်ကရစ်လမ်းခင်းခြင်း (အရှည်ပေ၇၀၀ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၁၉ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာအရှေ့ပိုင်းမှသာယာကုန်းသို့(၁၉)ရွာအလယ်ကားသွားတံတားအသစ်ပြုလုပ်ခြင်း(အရှည်ပေ၄၀၀ ×အကျယ် ၁၈ပေ ) | |
| ၂၀ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာအရှေ့ပိုင်းလမ်း(၂၀)ကွန်ကရစ်လမ်းခင်းခြင်း (အရှည်ပေ၃၀၀ ×အကျယ် ၁၂ပေ ×အမြင့်၆လက်မ) | |
| ၂၁ | ပညာရေး | ပညာရေးအဆောက်အဦ | အ.လ.က(ခွဲ)ကျောင်းမျက်နှာကျက်တပ်ဆင်ခြင်း (အလျား၆၀ ×အနံ ၃၀ပေ ) (အလျား၉၀ ×အနံ ၃၀ပေ ) | |
| ၂၂ | ပညာရေး | ပညာရေးအဆောက်အဦ | ကျောင်းခြံစည်းရိုးကာရံခြင်းအတွက် ကျောင်းဝင်းဧရိယာတိုးချဲ့ပေးရန်။ | |
| ၂၃ | ပညာရေး | ပညာရေးအဆောက်အဦ | ကျေးရွာစာကြည့်တိုက်ဆောင်လုပ်ခြင်း(အလျား၂၀ပေ×အနံ၄၀ပေ) | |
| ၂၄ | ပညာရေး | ပညာရေးအဆောက်အဦ | ကျောင်းသား/ကျောင်းသူအိမ်သာ(၄)လုံးပြုပြင်ခြင်း | |
| ၂၅ | ပညာရေး | ပညာရေးအဆောက်အဦ | ကျောင်းသူ/သားများသောက်သုံးရန်သောက်ရေသန့်စင်နှင့်ရေတိုင်ကီများပြုပြင်ခြင်း | |
| ၂၆ | ပညာရေး | ပညာရေးအဆာက်အဦ | အ,လ.က(ခွဲ)ကျောင်းအဆင့်မှအ.လ.ကကျောင်းအဆင့်သို့တိုးမြှင့်ပေးရန် | |
| ၂၇ | ငွေကြေး | အသေးစား | ဝမ်းစာဖူလုံရေးအတွက်ချေးငွေလိုအပ်ခြင်း။ | |
| ၂၈ | အခြေခံအဆောက်အဦ | သောက်သုံးရေ | မောင်သစ်တောင်ခြေရှိဆင်ရုံချောင်းမှရွာသို့ရေသွယ်တန်းပေးခြင်း (၂/၄)ဖာလုံနှင့်ရေစုကန်ပြုလုပ်ရန် | |
| ၂၉ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီးလင်းရန်လျှပ်စစ်မီးသွယ်တန်းပေးခြင်း | |

ပိန္နဲတောကျေးရွာ၊ ဝဲခမီကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဝင်းဝင်း | ဦးရွှေလင်း | ၁၀/သဖရ(နိုင်)၁၀၄၁၆၉ | ၄၄ | ဥက္ကဋ္ဌ | ၀၉-၄၅၄၉၃၂၆၃၃ |
| ၂ | ဦးလှဝင်း | ဦးပိုးရွှေ | ၁၀/သဖရ(နိုင်)၁၃၃၈၉၇ | ၄၄ | အတွင်းရေးမှူး | ၀၉၄၅၇၀၀၇၉၈၆ |
| ၃ | ဦးသိန်းဇံ | ဦးသာရှိန် | ၁၀/သဖရ(နိုင်)၀၇၆၉၅၃ | ၃၉ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးမြတ်ကြည် | ဦးငွေမောင်း | ၁၀/သဖရ(နိုင်) ၁၇၅၂၇ | ၄၀ | စာရင်းကိုင်(၁) | |
| ၅ | ဒေါ်နုစိန် | ဦးပုဆွေ | ၁၀/သဖရ(နိုင်)၀၀၀၂၅၉ | ၃၂ | စာရင်းကိုင်(၂) | |
| ၆ | ဒေါ်အေးခိုင် | ဦးစံရ | ၁၀/သဖရ(နိုင်)၀၇၁၃၈၅ | ၃၂ | သော့ကိုင်(၁) | |
| ၇ | ဒေါ်ပပဝင်း | ဦးစာရ | ၁၀/သဖရ(နိုင်)၁၁၄၅၉၆ | ၄၄ | သော့ကိုင်(၂) | |
| ၈ | ဦးသိန်းလွင် | ဦးချိုချို | ၁၀/သဖရ(နိုင်)၁၄၃၅၆၂ | ၃၄ | အဖွဲ့ဝင် | |
| ၉ | ဦးတောမွှေး | ဦးကြည်သိန်း | ၁၀/သဖရ(နိုင်) | ၄၅ | အဖွဲ့ဝင် | |
| ၁၀ | ဦးချစ်ရေး | ဦးဖားဝါး | ၁၀/သဖရ(နိုင်)၁၀၄၃၃၉ | ၄၃ | အဖွဲ့ဝင် | ၀၉၇၆၆၄၄၁၆၈၁၅ |
| ၁၁ | ဦးချမ်းလှ | ဦးစိန်ဖေ | ၁၀/သဖရ(နိုင်)၀၇၉၇၈၇ | ၃၂ | အဖွဲ့ဝင် | ၀၉၇၉၃၉၄၆၈၅၆ |
| ၁၂ | ဦးစံမြင့် | ဦးအငြိမ့် | ၁၀/သဖရ(နိုင်) ၀၅၈၆၃၂ | ၃၅ | အဖွဲ့ဝင် | ၀၉၇၆၂၂၈၃၄၉၉ |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၁၂ | ၁၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၈ | ၃၂ | ၇၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၁ | ၅၂ | ၁၁၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၇ | ၇၃ | ၁၄၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၄၀ | ၃၇၅ | ၇၁၅ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၁၆ | ၃၈ |
| **စုစုပေါင်း** | | **၅၃၅** | **၅၆၀** | **၁၀၉၅** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၁၇** | | |

**ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ပိန္နဲတောကျေးရွာတွင် အိမ်ထောင်စု(၂၁၇)စု၊လူဦးရေ(၁၀၉၅)ဦး ရှိပါသည်။ ပိန္နဲတောကျေးရွာတွင် အလုပ်လုပ်နိုင်သည်လူဦးရေမှာ (၈၅၅)ဦး ရှိပြီး တစ်ရွာလုံး လူဦးရေ၏ထက်ဝက်ကျော်ခန့်ရှိသည့်ကို တွေ့ရပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေမှာ များပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် လူသားအရင်းအမြစ်ကောင်းများ အဖြစ်ထောက်ပံ့မှု ပေးနိုင်ပါ သည်။**

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၂ | ၃၆၃ | – | မြင့် ☐ လတ် ✓ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၁၀၄/၂ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၁၆ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၁၈ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၉ | ၂၂ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၆ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၀ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၁၅ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၂၀ | | မြင့် ☐ လတ်✓ နိမ့် ❑ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၈ | | မြင့် ☐ လတ်✓ နိမ့် ❑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၂၀ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၆ | ၃၀ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆ | ၁၆ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၈ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၄ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၁၇ | ၆၆၈ | | ☒ |

**ရင်းမြစ်** … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ ပိန္နဲတောကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်ကြသည် အိမ်ထောင်စုများတွင် မိသားစုဝင်များအများဆုံး ပါဝင်ဆောင်ရွက်ကြပြီး အခြားအသက်မွေးကျောင်းဖြစ်သည့် ပန်းရံ /လက်သမားလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ စက်ပြင်သည့် လုပ်ငန်းစသည့်ဖြင့် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများလည်းရှိပြီး လုပ်ကိုင်သူဦးရေနည်းပါးသည်။ ထော်လာဂျီမောင်း၍ ခရီးသည်များ ပို့ဆောင် ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူ အနည်းငယ် ရှိပါသည်။ ရောင်းဝယ်ရေးလုပ်ကိုင်သည့် အိမ်ထောင်စုလည်းရှိပါသည်။ ကျေးရွာတွင် ပညာရေး ဝန်ထမ်း(၂)ဦး ရှိပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | | ၇၀၀၀ | |
| ၇ | ယာဥ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| -၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင်ပန်းရံလုပ်သားများအတွက် လုပ်ခ အများဆုံး (၁၀၀၀၀)နှင့် အနည်းဆုံး လုပ်အားခ (၇၀၀၀)ရှိပါသည်။ ကျွမ်းကျင်မှုပေါ်မူတည်ပြီး လုပ်အားခတန်ဖိုး ကွားခြားလျှက်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ကျား/မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းမှာ (၅၀၀၀)နှုန်းသာ သတ်မှတ်ထားပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၁၁၃** | ကောင်း သင့်✓ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | **၂** | ကောင်း ☐ သင့်✓ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | **၂၆၇** | ကောင်း❑ သင့်✓ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **ဓနိတောမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၂၂ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၄၀၄ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွတ်ထားသည် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင် နိုင်သည့် မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ပိန္နဲတောကျေးရွာတွင်လယ်မြေ(၁၁၁)ဧကနှင့်ရာဘာခြံ(၂၆၇)ဧကရှိပြီး မြေဆီလွှာ အရည်အသွေးကောင်းမွန်ပါသည်။ မြေလွပ်မြေရိုင်း (၂၂)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

(ဂ-၂) ခဲတိသတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခဲတိသတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခဲတိငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်✓ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ✓ သင့်✓ နည်း ☐ မရှိ ❑ | လွယ် ❑ ခက်✓ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ✓ နည်း ☐ မရှိ ☐ | လွယ် ❑ ခက်✓ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ❑ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ သတ္တုနှင့် အခြားတွင်းထွက် ပစ္စည်းများ မရှိပါ။ ကျောက်၊သဲ၊ကျောက်စရစ်များ အများအပြားထွက်ရှိပြီး အသုံးချနိုင်သည့်ကို တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့)မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွား(ဝင်ငွေ ) (အသင့်အတင့်) | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | | ၆ | ၁၁၈ | ၉၃ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ပိန္နဲတောကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု မရှိသည့်ကို တွေ့ရှိရပါသည်။ အဆင်ပြေသော အိမ်ထောင်စုနည်းရခြင်းမှာ လမ်းပန်းဆက်သွယ်ရေးကောင်း မွန်သော်လည်း ကျေးရွာရှိလူများသည် မြေပိုင်ဆိုင်မှုနည်းခြင်း ၊ အသက်မွေးဝမ်းကျောင်းပညာရပ် မရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ကြုံရာကျဘန်းသာလုပ်ကိုင်နေရသဖြင့် ပုံမှန်ဝင်ငွေ မရှိသောကြောင့် ဖြစ်ပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၃၀ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ✓<br>လုပ်အားခကြိုယူ = ✓ |
| | | |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၃၅ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ✓<br>လုပ်အားခကြိုယူ = ✓ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပိန္နဲတောကျေးရွာတွင် ဝမ်းစာဖူလုံမှုသည် ရွာ၏(၁၀)ပုံ(၃)ပုံသာရှိသည်။ အိမ်ထောင်စုများတွင်ငွေတိုးချေးငှာသူရှိပါသည်။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၁ | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။

။ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုမရှုသလောက် နည်းပါးသည်ကို တွေ့ရှိပြီးရွာတွင်းမိသားစုများ အချင်းချင်းစည်းလုံးမှုရှိပြီး ရိုင်းပင်းကူညီမှု ရှိနေခြင်းကို တွေ့ရှိရ ပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ❑ နိမ့် ✓ မရှိ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်❑ မရှိ ✓ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ✓ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ❑ နိမ့်☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်❑ မရှိ ✓ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ပိန္နဲတောကျေးရွာတွင် ကွမ်းပင်များ စိုက်ပျိုးထားပြီး ကွမ်းသီးဈေးကွက် မငြိမ်မသက်ဖြစ်ခြင်း၊ ဈေးနှုန်းနိမ့်ခံရခြင်းများစသည့်အခက်အခဲကြုံတွေ့ရပြီး အချို့ အိမ်ထောင်စု များအတွက် ဝမ်းစာဖူလုံခြင်းမရှိသည်ကို တွေ့ရှိရပါသည်။**

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ❑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်❑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ❑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ❑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ❑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ❑ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု

လေ့လာတွေ့ရှိချက်။ ။ပိန္နဲတောကျေးရွာတွင် အမျိုးသမီး ဦးဆောင်သည် ဆင်းရဲသော အိမ်ထောင်စု အနည်းငယ်ရှိသည်ကို တွေ့ရှိရပါသည်။ရွှေ့ပြောင်းလုပ်သားများမှ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းနည်းပါးခြင်း အသက်မွေးနည်းပညာ အားနည်းခြင်းတို့ကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သည် အိမ်ထောင်စု များရခြင်း ဖြစ်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

